# သပိတ်မှောက်ခြင်းအတွက် ပြင်ဆင်ခြင်း -
## DPS မိသားစုများအတွက် အချက်အလက်များ

DENVER PUBLIC SCHOOLS

## သပိတ်မှောက်သည်ဆိုသည်မှာ အဘယ်နည်း။

သပိတ်မှောက်သည်ဆိုသည်မှာ အလုပ်သမား သမဂ္ဂတစ်ခုမှ အဖွဲ့ဝင်များသည် ဆန္ဒပြသည့်ပုံစံဖြင့် အလုပ်လုပ်ရန် ငြင်းဆိုခြင်းဖြစ်ပြီး အများအားဖြင့် ၎င်းတို့၏ တောင်းဆိုချက်များအား အလုပ်ရှင်မှ လိုက်လျောလာစေရန် ဖိအားပေးခြင်းဖြစ်သည်။

သပိတ်မှောက်ခြင်းတစ်ခုအတွက် သင့် မိသားစု ပြင်ဆင်ထားနိုင်မည့် အရေးအကြီးဆုံးအချက်များအနက်မှ တစ်ခုမှာ သင့်အား ဆက်သွယ်ရမည့် အချက်အလက်များ အချိန်နှင့်တပြေးညီ ဖြစ်စေရန် အရေးကြီးပါသည်။

**သင့်အား ဆက်သွယ်ရမည့် အချက်အလက်များကို မှမ်းမံပြင်ဆင်ပါ -**
မိဘပေါ်တယ်
**myportal.dpsk12.org** ထဲသို့ ဝင်ရောက်ပါ သို့မဟုတ် ကျောင်းစုံစမ်းရေးရုံးကို ဆက်သွယ်ပါ။ ယင်းမှာ သင့်မိသားစုအား တိုက်ရိုက်သက်ရောက်မှုရှိမည့် ပြောင်းလဲမှုများကို ချက်ချင်း အသိပေးနိုင်မည်ဖြစ်သည်။

**သင်၏ ကျန်းမာရေးစောင့်ရှောက်မှုအချက်အလက်များကို မွမ်းမံပြင်ဆင်ပါ -**
သင့်ကလေး၏ ကျန်းမာရေး စောင့်ရှောက်မှု လိုအပ်ချက်များ ပြည့်မီစေရန် သင့်ကျောင်းတွင် သင့်ကလေး၏ နောက်ဆုံး ဆေးဝါးများ စာရင်းတစ်ခုရှိရန် လိုအပ်သည်။

## အမေးများသော မေးခွန်းများ

**သပိတ်မှောက်ခြင်းပြုလုပ်ပါက DPS ကျောင်းသူ/သားများ ကျောင်းတက်သင့်ပါသလား။ ကျောင်းသူ/သားများ စာသင်ကြားရမည်လား။**

သင်ကြားရပါမည်။ ကျွန်ုပ်တို့၏ ကျောင်းများအားလုံး ပုံမှန်အချိန်အတိုင်း ဆက်လက်ဖွင့်လှစ်သွားမည်ဖြစ်ပြီး ကျောင်းသူ/သားများအနေဖြင့် ပုံမှန်အတိုင်း ကျောင်းတက်သင့်ပါသည်။ အသိအမှတ်ပြု လက်မှတ်ရ ဧည့်ဆရာ/ဆရာမများနှင့် ပြန်လည်တာဝန်ပေးအပ်ထားသည့် ကြီးကြပ်သူများအပါအဝင် အရည်အသွေးပြည့်မီသော DPS ဝန်ထမ်းများမှ ကျောင်းများအတွင်း ညွှန်ကြားချက်များပေးသွားမည်ဖြစ်ကာ ကျောင်းတက်ချိန်အတွင်း ကျောင်းသူ/သားများ လုံခြုံမှုရှိစေရန် ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

**သပိတ်မှောက်ချိန်အတွင်း ဖြစ်ပျက်နေသည်များနှင့်ပတ်သက်၍ နောက်ဆုံးရ အချက်အလက်များကို မည်သည့်နေရာတွင် ရှာဖွေနိုင်မည်နည်း။**

**teacherstrike.dpsk12.org** သို့ဝင်ရောက်ပြီး အွန်လိုင်းတွင် ရရှိနိုင်မည့် ကျွန်ုပ်တို့၏ မိသားစုရင်းမြစ် လမ်းညွှန်အပြည့်အစုံကို ဖတ်ရှုပါ။

**Facebook** နှင့် **Twitter** တို့တွင် ကျွန်ုပ်တို့ သတင်းများအား မပြတ်ကြည့်ရှုပါ။

မိသားစု ကူညီပေးရေး ဖုန်းလိုင်း 720-423-3054 အား တနင်္လာနေ့မှ သောကြာနေ့အထိ နံနက် 8:00 နာရီမှ ညနေ 4:30 ကြားတွင် ခေါ်ဆိုနိုင်ပါသည်။ ဘာသာစကားမျိုးစုံဖြင့် အကူအညီ ရရှိနိုင်ပါသည်။

**ကျွန်ုပ်ကျောင်း၏ အချိန်ဇယားများ ပြောင်းလဲပါမည်လား။**
မပြောင်းလဲပါ။ ကျောင်းချိန်များသည် ပုံမှန်အတိုင်း ရှိမည်ဖြစ်သည် - Discovery Link အစီအစဉ်များ အပါအဝင် (ကျောင်းချိန်မတိုင်မီနှင့် ကျောင်းဆင်းပြီး စောင့်ရှောက်မှုများ)။ ကျောင်းအစားအသောက်များနှင့် ကျောင်းကြိုပို့ဝန်ဆောင်မှုများကိုလည်း ပုံမှန်အချိန်ဇယားများအတိုင်း ရရှိမည်ဖြစ်သည်။

**ကျောင်းများမှ အစားအသောက်များ ဆက်လက် ကျွေးမွေးပါမည်လား။**
သင့်ကျောင်း၏ အစားအသောက်ဝန်ဆောင်မှုများကို ပုံမှန်အတိုင်း ဆက်လက်ပံ့ပိုးပေးသွားမည်ဖြစ်သည်။

**သပိတ်မှောက်နေချိန်အတွင်း ကျောင်းကားများ ဆက်လက်ပြေးဆွဲသွားပါမည်လား။**
ကြိုပို့ဝန်ဆောင်မှုများ ပြောင်းလဲမည် မဟုတ်ဘဲ စီစဉ်ထားသည့်အချိန်အတိုင်း ကျောင်းသူ/သားများကို ဆက်လက်ကြိုပို့ပေးသွားမည် ဖြစ်သည်။

**သပိတ်မှောက်ချိန်အတွင်း အားကစားနှင့် အခြား ကျောင်းချိန်မတိုင်မီနှင့် ကျောင်းပြီးနောက် လှုပ်ရှားမှုများ ဆက်လက်လုပ်ဆောင်ပါမည်လား။**
ကျောင်းတစ်ခုနှင့်တစ်ခု မတူညီနိုင်သည့်အတွက် ပိုမိုသိရှိလိုသည်များရှိလျှင် သင့်ကျောင်းနှင့် ဆက်သွယ်ပါ။

**ထိတွေ့ပါဝင်ပါ**
သင့်အနေဖြင့် သင့်ကျောင်းရှိ စာသင်ခန်းတွင် သို့မဟုတ် အားကစားကွင်းတွင် စေတနာ့ဝန်ထမ်းအဖြစ် ကူညီပေးနိုင်ပါသည်။ ပိုမိုသိရှိလိုသည်များရှိပါက သင့်ကျောင်း၏ စုံစမ်းရေးရုံးခန်း သို့မဟုတ် မိသားစု ကူညီပေးရေးဖုန်းလိုင်း 720-423-3054 သို့ ဆက်သွယ်နိုင်ပါသည်။ သင်၏ထောက်ခံအားပေးမှုအတွက် ကျေးဇူးတင်ရှိပါသည်။